## တရားမပထမအယူခံမှု

## တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်ရှေ့တွင်

+ ၂၀၁၀
မေလ
၄ ရက်

### ဒေါ်စိုးစံသိန်း
### နှင့်
### ဒေါ်ခင်မြင့် (ခ) ဒေါ်ထားထားညွန့်ပါ ၂ *

**ဒီကရီအတည်ပြုရာတွင်ဝရမ်းကပ်ခံရသောပစ္စည်းကို မိမိပိုင်ဆိုင်ထိုက်ကြောင်း တောင်းဆိုချက်အပေါ် ဆန့်ကျင်အမိန့်ချမှတ်ခံရသဖြင့် ထိုပစ္စည်းအပေါ် မိမိပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးရန် စွဲဆိုသော အမှုသည် ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယား အပိုဒ် ၁၂၀ နှင့်သက်ဆိုင်ခြင်းရှိ မရှိ။**

**ဆုံးဖြတ်ချက်။** ။ ဤအမှုကို စွဲဆိုခြင်းမှာ တရားရုံးမှ ဒီကရီအတည်ပြုရာတွင် အချင်းဖြစ်တိုက်ခန်းအား ပညတ်ဝရမ်းစွဲကပ်မှုကြောင့် ဝရမ်းခွာပေးရန် ကန့်ကွက်လျှောက်ထားမှုတွင် ၎င်း၏လျှောက်ထားချက်ကို ပယ်ကြောင်းချမှတ်သည့်အမိန့်အရ စွဲဆိုခြင်းဖြစ်ကြောင်း ထင်ရှားသည်။

---

* ၂၀၀၉ ပြည့်နှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၅၆။

+ ၂၀၀၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၇၇ တွင် ချမှတ်သော ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

၂၀၁၀
ဒေါ်စိုးစံသိန်း
နှင့်
ဒေါ်ခင်မြင့် (ခ)
ဒေါ်ထားထားညွန့်
ပါ ၂

ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအပိုဒ် ၁၁ တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်-

| | | |
|---|---|---|
| ၁၁။ အောက်ပါအမိန့်တစ်ရပ်ရပ် အရ အမိန့်ချမှတ်ခြင်းကို ခံယူသူက အမိန့်စာတွင် ဖော်ပြပါရှိသည့် ပစ္စည်း အပေါ်မိမိပိုင်ထိုက်ကြောင်း အခိုင်အမာ ပြဆိုစေရန် စွဲဆိုသည့်အမှု-<br>(၁) ဒီကရီအတည်ပြုရာ ဝရမ်းစွဲကပ်သည့် ပစ္စည်းကို ပိုင်ဆိုင် ကြောင်းတောင်းဆို ချက်နှင့်စပ်လျဉ်း၍ သို့တည်းမဟုတ် ဒီကရီအတည်ပြုရာ ပစ္စည်း ဝရမ်းစွဲကပ် ခြင်းကို ကန့်ကွက် ချက်နှင့်စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေအရ ချမှတ် သည့်အမိန့် | တစ်နှစ် | အမိန့်ချမှတ် သည့်နေ့ရက် ကစ၍ |

(၂) × × × ×

အယူခံတရားလိုက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ စွဲဆိုသည့်အမှုဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေပထမဇယား အပိုဒ် ၁၂၀ နှင့်သက်ဆိုင်ကြောင်းတင်ပြသည်။ ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအပိုဒ် ၁၂၀ သည် ပထမဇယား၏ အခြားနေရာများတွင် စည်းကမ်းသတ်ကာလအပိုင်းအခြား ပြဋ္ဌာန်းချက်မပါသည့် တရားမကြီးမှုများအတွက် ပြဋ္ဌာန်းချက်ဖြစ်သည်။

အယူခံတရားလိုစွဲဆိုသောအမှုသည် တရားရုံးတွင် ကန့်ကွက်လျှောက်ထားမှုအရ အမိန့်ချမှတ်ခံရသည့်ပစ္စည်းအပေါ် မိမိပိုင်ထိုက်ကြောင်း အခိုင်အမာပြဆိုစေရန် စွဲဆိုသည့်အမှုဖြစ်၍ ထိုအမှုမျိုးကို စွဲဆိုရန် ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအပိုဒ် ၁၁ တွင် ပြဋ္ဌာန်းထားသည့်အတွက် စည်းကမ်းသတ်ကာလအပိုင်းအခြား ပြဋ္ဌာန်းချက်မရှိသည့် တရားမကြီးမှုများစွဲဆိုရန် သတ်မှတ်ထားသည့် အပိုဒ် ၁၂၀ နှင့်သက်ဆိုင်ခြင်းမရှိပေ။ အပိုဒ် ၁၁ အရ သတ်မှတ်သည့် စည်းကမ်းသတ်ကာလအတွင်း စွဲဆိုရန်သာဖြစ်သည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးအောင်လှသိန်း<br>တရားရုံးချုပ်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | - | ဒေါ်လှလှလွင်<br>တရားရုံးချုပ်ရှေ့နေ |

ရန်ကုန်တိုင်းတရားရုံး ၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ် ၇၇၇ တွင် အယူခံတရားလိုက အယူခံတရားပြိုင်များအပေါ် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ တိုက်ခန်းပိုင်ဆိုင်ကြောင်း

မြွက်ဟကြေညာပေးစေလိုမှုစွဲဆိုသည်။ တိုင်းတရားရုံးက အယူခံတရားလိုစွဲဆိုသောအမှုကို စရိတ်နှင့်တကွပလပ်လိုက်သဖြင့် ဤအယူခံဝင်ရောက်ခြင်းဖြစ်သည်။

အယူခံတရားလို (မူလရုံးတရားလို)၏ဆိုလွှာတွင် အချင်းဖြစ်တိုက်ခန်းကို ၂-၅-၉၅ နေ့တွင် (၁) တရားပြိုင်ဒေါ်ခင်မြင့် (ခ) ဒေါ်ထားထားညွန့်ထံမှ တန်ဖိုးငွေကျပ် ၁၁ သိန်းဖြင့် ဝယ်ယူခဲ့ကြောင်း၊ (၁) တရားပြိုင်၏ခင်ပွန်းဦးခင်မောင်စိုးမှာ ၁၉၉၆ ခုနှစ်တွင် ကွယ်လွန် ခဲ့ကြောင်း၊ အမှတ် (၂) တရားပြိုင်ဒေါ်ရွှေလုံးက တရားလိုပြုလုပ်၍ ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၆၄၅/၉၆ ဖြင့် (၁) တရားပြိုင်အပါအဝင် အမွေဆိုင်များအပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲ ပေးစေလိုမှုစွဲဆိုခဲ့ကြောင်း၊ အဆိုပါအမှုတွင် အချင်းဖြစ်တိုက်ခန်းကို အမွေပုံပစ္စည်းအဖြစ် ၁၂-၅-၀၃ နေ့တွင် အမိန့်ချမှတ်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းတရားရုံးက အချင်းဖြစ်တိုက်ခန်းကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၅၄ အရ ပညတ်ဝရမ်းထုတ်ဆင့်ခဲ့ကြောင်း၊ တရားလိုက တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၅၈ အရ ပညတ်ဝရမ်းခွာပေးရန် ရန်ကုန်တိုင်းတရားရုံး တရားမ အထွေထွေမှုအမှတ် ၃၅၃/၂၀၀၅ တွင်လျှောက်ထားခဲ့ရာ ရန်ကုန်တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၁ အရ တရားလို၏လျှောက်ထားချက်ကို ပလပ်ခဲ့ကြောင်း၊ ယင်းအမိန့်အား တရားရုံးချုပ် တရားမပြင်ဆင်မှုအမှတ် ၄၂၅/၂၀၀၆ တွင် ပြင်ဆင်မှုလျှောက်ထားခဲ့ရာ တရားရုံးချုပ်က ပလပ်ခဲ့သဖြင့် ဤအမှုကိုစွဲဆိုကြောင်း အဆိုပြုသည်။

အယူခံတရားပြိုင်များ၏ ချေလွှာတွင် တရားလိုသည် ၂-၅-၉၅ နေ့တွင် (၁) တရားပြိုင်ထံမှ တန်ဖိုးငွေ ၁၁ သိန်းဖြင့် ဝယ်ယူခဲ့ သည်ဆိုခြင်းမှာ မမှန်ကြောင်း၊ အချင်းဖြစ်တိုက်ခန်းကို ၅%

အတိုးဖြင့် အပေါင်ထားခဲ့သည့်အပေါ် ၂-၅-၉၅ နေ့စွဲပါ စာချုပ်ကို ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း၊ တိုက်ခန်းအပေါင်ထားငွေ ၁၁ သိန်းအပေါ် ကျသင့်သည့်အတိုး၊ အရင်းငွေများကို (၁) တရားပြိုင်က တရားလိုသို့ ပေးဆပ်ပြီးဖြစ်၍ တရားလိုကရောင်းချသူအဖြစ်လက်မှတ်ရေးထိုး၍ ၂-၅-၉၇ နေ့တွင် တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် (၁) တရားပြိုင်အား ပြန်လည်ရောင်းချထားပြီးဖြစ်ကြောင်း၊ တရားလိုသည် မည်သည့်အခါကမျှ အချင်းဖြစ်တိုက်ခန်းတွင် နေထိုင်ခဲ့ခြင်းမရှိကြောင်း၊ ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၆၄၅/၉၆ အမှုတွင် အချင်းဖြစ်တိုက်ခန်းအား အမွေပုံပစ္စည်းအဖြစ်သတ်မှတ်၍ ၄-၄-၀၁ နေ့က ပဏာမဒီကရီချမှတ်ပြီး ၁၂-၅-၀၃ နေ့တွင် အပြီးသတ်ဒီကရီချမှတ်ခဲ့ကြောင်း၊ တိုင်းတရားရုံး၏အပြီးသတ်ဒီကရီ အပေါ် တရားမဇာရီမှုဖွင့်လှစ်ပြီး အချင်းဖြစ်တိုက်ခန်းကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၅၄ အရ ပညတ်ဝရမ်း ထုတ်ဆင့်ခဲ့ကြောင်း၊ တရားလိုက တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၅၈ အရ ပညတ်ဝရမ်းခွာပေးရန် တရားမအထွေထွေမှု လျှောက်ထားသော်လည်း တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၆၁ အရ ပယ်ခဲ့ကြောင်း၊ တရားရုံးချုပ်သို့ တရားမပြင်ဆင်မှု တက်ရောက်ရာ တရားလို၏ ပြင်ဆင်မှုလျှောက်လွှာကို ပလပ်ခဲ့ကြောင်း၊ တရားလိုသည် တရားပြိုင်များအပေါ် တရားစွဲဆိုခွင့်မရှိကြောင်း၊ တရားစွဲဆိုရန်အကြောင်းလည်းပေါ်ပေါက်ခြင်းမရှိကြောင်း၊ ဤအမှုကို ဤပုံစံအတိုင်း စွဲဆိုခွင့်မရှိကြောင်း၊ တရားလိုစွဲဆိုသည့် အမှုမှာ ကာလစည်းကမ်းသတ်များစွာကျော်လွန်ပြီးဖြစ်၍ စွဲဆိုပိုင်ခွင့်မရှိကြောင်း ချေပသည်။

အဆိုလွှာ၊ ချေလွှာတို့အရ အောက်ပါပဏာမရုံးငြင်းချက် နှစ်ရပ်ထုတ်၍ ကြားနာသည်-

(၁) ယခုအမှုကို စွဲဆိုရန် ကာလစည်းကမ်းသတ် ကျော်လွန်နေပြီဆိုခြင်းမှန်ပါသလား၊

(၂) တရားလိုသည် ယခုအမှုအား တရားစွဲဆိုခွင့် မရှိဆိုတာမှန်သလား။

တိုင်းတရားရုံးက တရားလိုသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ ပညတ်ဇရမ်းခွာလိုမှုလျှောက်ထားရာ အောင်မြင်ခြင်းမရှိသဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းရာတွင်လည်း အောင်မြင်ခြင်းမရှိကြောင်း၊ ထို့ကြောင့် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ တရားစွဲခွင့်ရှိကြောင်း၊ ထိုအချိန်မှစ၍ ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအပိုဒ် ၁၁ အရ တစ်နှစ်အတွင်း တရားစွဲရမည်ဖြစ်ကြောင်း၊ တရားရုံးချုပ်မှ အမိန့်ချမှတ်သည့်နေ့မှာ ၂၉-၁-၀၇ နေ့ဖြစ်ရာ ၂၄-၉-၀၈ နေ့တွင် ယခုအမှုကိုစွဲဆိုခြင်းမှာ ကာလစည်းကမ်းသတ်ကျော်လွန်ကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊နည်းဥပဒေ ၅၈ အရ လျှောက်ထားမှုမအောင်မြင်လျှင် နည်းဥပဒေ ၆၃ အရ တရားစွဲဆိုရမည်ဖြစ်ကြောင်းအတိအလင်းပြဋ္ဌာန်းထားသဖြင့် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ တရားမစွဲနိုင်ကြောင်း၊ အမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ မစွဲဆိုလျှင်ဖြစ်စေ၊ စွဲဆိုရာ၌အရေးနိမ့်လျှင်ဖြစ်စေ နည်းဥပဒေ ၅၈ အရ လျှောက်ထားမှုတွင် ချမှတ်သောအမိန့်သည် အတည်ဖြစ်ကြောင်း၊ နည်းဥပဒေ ၆၃ အရ စွဲဆိုခြင်းမရှိဘဲ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခွင့်မရှိကြောင်း ဆုံးဖြတ်၍ အယူခံမှုကို ပလပ်သည်။

အယူခံတရားလို၏ရှေ့နေက အယူခံတရားလိုအနေဖြင့် တရားမကျင့်ထုံးအမိန့် ၂၁ နည်းဥပဒေ ၆၃ အရ တရားမကြီးမှုတရားစွဲဆိုရမည်ဖြစ်သော်လည်း မူလပိုင်ရှင်အယူခံတရားပြိုင် (၁)နှင့် ညှိနှိုင်း

ဆောင်ရွက်ပြီး ပြေလည်မှုရရှိအောင်စောင့်ဆိုင်းခဲ့ရာ နောက်ဆုံးတွင် ပြေလည်မှုမရရှိခဲ့သဖြင့် အချိန်ကာလ (၁) နှစ်ကျော်သွားပြီးဖြစ်၍ ဆုံးရှုံးနစ်နာမှုကို ကုစားနိုင်ရန်အခွင့်အရေးအရ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ ဖြင့် ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခဲ့ခြင်းဖြစ်ပြီး ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအမှတ်စဉ် ၁၂၀ အရ (၆) နှစ်အတွင်း တရားစွဲဆိုခြင်းဖြစ်၍ ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း၊ တိုက်ခန်းနှင့်ပတ်သက်သော ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ ဆက်စပ်စာချုပ်များအားလုံးနှင့်အတူ တိုက်ခန်းလက်ရောက်ရရှိ၍ မိသားစုအိမ်ထောင်စုစာရင်းဖြင့် ယခုအချိန်ထိ နေထိုင်လျက်ရှိကြောင်း၊ အဆိုလွှာနှင့်အတူ ပူးတွဲ စာရွက်စာတမ်းများကို တရားမကျင့်ထုံးအမိန့် ၁၃ နည်းဥပဒေ ၁ အရ တင်သွင်းထားပြီးဖြစ်၍ အဆိုပါ ပိုင်ဆိုင်မှုအပေါ်တွင် အယူခံတရားလိုအနေဖြင့် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ တရားစွဲခွင့် အခွင့်အရေးရှိကြောင်း၊ အချင်းဖြစ်တိုက်ခန်းအား ပြည်တော်ဝရမ်းကပ်ထားခြင်းအပေါ်တွင် ပစ္စည်းပိုင်ဆိုင်မှုအခွင့်အရေးအတွက် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုပိုင်ခွင့် အခွင့်အရေးရရှိပြီးဖြစ်ပါလျက် တရားစွဲဆိုပိုင်ခွင့်မရှိဟု ဆုံးဖြတ်ခဲ့ခြင်းမှာ များစွာဆုံးရှုံးနစ်နာကြောင်းလျှောက်လဲသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက ဒေါ်စိုးစံသိန်းအနေဖြင့် ဒေါ်ရွှေလုံး (ခ) ဒေါ်စန်းမြကဒေါ်ထားထားညွန့် ပါ-၅ ဦးအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုစတင်စွဲဆိုခဲ့သည့် ၁၉၉၆ ခုနှစ်ကတည်းက မိမိအခွင့်အရေးထိပါးကြောင်းသိရှိပါလျက် တရားစွဲဆိုခဲ့ခြင်းမရှိဘဲ ၁၂ နှစ်ကြာပြီးနောက် ၂၄-၉-၀၈ တွင်မှ ယခုအမှုကို စွဲဆိုခဲ့ခြင်းဖြစ်၍ တရားလိုစွဲခဲ့ဆိုသောအမှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်နေသဖြင့် တိုင်းတရားရုံး၏အမိန့်သည် တရားမျှတမှန်ကန်

မှုရှိကြောင်း၊ အယူခံတရားလိုအနေဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၆၃ အရ တရားစွဲဆိုခြင်းမပြုမီ အယူခံတရားပြိုင်များနှင့်နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြေလည်အောင်ဆောင်ရွက်နေကြပြီး နောက်ဆုံး ပြေလည်မှုမရရှိသဖြင့် အချိန်ကာလ (၁) နှစ်ကျော်သွားပြီဖြစ်၍နစ်နာဆုံးရှုံးမှုကို ကုစားနိုင်ရန် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ ပိုင်ဆိုင်ကြောင်း မြွက်ဟပေးစေလိုမှုအဖြစ် စွဲဆိုခဲ့ရခြင်းဖြစ်ကြောင်း ဖော်ပြချက်မှာ မူလရုံးတရားလို၏အဆိုလွှာတွင် လုံးဝမပါရှိသောအချက်ကို ဖြည့်စွက်တင်ပြလာခြင်းဖြစ်၍ လက်ခံစဉ်းစားရန် အကြောင်းမရှိကြောင်း၊ ထိုအကြောင်းပြချက်ဖြင့် သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ ပိုင်ဆိုင်ကြောင်း မြွက်ဟပေးစေလိုမှုစွဲဆိုလာခြင်းမှာ ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း၊ "တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ ဝရမ်းခွာပေးစေလိုမှု ပယ်ခြင်းခံရလျှင် အမိန့်ချမှတ်ခဲ့သည့်နေ့မှစ၍ ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၁ အရ (၁) နှစ်အတွင်း တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ တရားစွဲဆိုရမည်" ဟု အတိအလင်းပြဋ္ဌာန်းထားကြောင်း၊ တရားရုံးချုပ်၊ တရားမပြင်ဆင်မှု အမှတ် ၄၂၅/၂၀၀၆ ကို ပလပ်ခဲ့သည့် ၂၉-၁-၀၇ နေ့မှစတင်၍ (၁) နှစ်အတွင်း တရားစွဲဆိုရမည်ဖြစ်ပါလျက် ၂၄-၉-၀၈ နေ့တွင်မှ စွဲဆိုခဲ့ခြင်းသည် မိမိရရှိသောအခွင့်အရေးတွင် ထိုက်သင့်သော လုံ့လ၊ ဝိရိယ စိုက်ထုတ်မှုမရှိဘဲ ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ စွဲဆိုခဲ့ကြောင်း အခိုင်အမာပေါ်ပေါက်လျက်ရှိသဖြင့် တိုင်းတရားရုံး၏ အမိန့်သည် မှန်ကန်ကြောင်း၊ အယူခံတရားလိုသည် မူလအမှုကို သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ စွဲဆိုပိုင်ခွင့်မရှိဘဲ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရသာ

၂၀၁၀
ဒေါ်စိုးစံသိန်း
နှင့်
ဒေါ်ခင်မြင့် (ခ)
ဒေါ်ထားထားညွန့်
ပါ ၂

စွဲဆိုခွင့်ရှိကြောင်း၊ ဒေါ်စိုးစံသိန်းသည် ဤအမှုကို တိုင်းတရားရုံးက အမိန့်ချမှတ်ပြီးနောက် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၁၀၀၇/၂၀၀၉ တွင် ဒေါ်ရွှေလုံး ပါ-၆ ဦးအပေါ် "တရားပြိုင်များ ရရှိထားသောဒီကရီသည် တရားလိုအပေါ် အကျိုးသက်ရောက်မှုမရှိကြောင်းနှင့် ပိုင်ရေးပိုင်ခွင့်အရ လက်ရှိထားပိုင်ခွင့် (Possessory Title) ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု" ကို ၂၆-၁၀-၀၉ နေ့တွင် ထပ်မံစွဲဆိုခဲ့ကြောင်း၊ ထိုသို့ စွဲဆိုပြီး (၂) လကြာမှ ဤအယူခံမှုကို တင်သွင်းခြင်းဖြစ်ကြောင်း၊ ဤအယူခံတွင်လည်း ထပ်မံတရားစွဲဆိုထားကြောင်းဖော်ပြထားခြင်းမရှိဘဲ ထိမ်ချန်၍ သက်သာခွင့်တောင်းခံနေသောကြောင့် မိမိကိုယ်တိုင် အပြစ်ကင်းမဲ့ သန့်ရှင်းမှုရှိရန်လိုသည်ဆိုသော ဥပဒေသနှင့်ညီညွတ်မှုမရှိသဖြင့် အယူခံလွှာကို ပလပ်ပေးရန်လျှောက်လဲသည်။

ဤအယူခံတွင် ကာလစည်းကမ်းသတ်ကျော်လွန်နေကြောင်းနှင့် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၆၃ အရ စွဲဆိုခြင်းမရှိဘဲ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးစေလိုမှုစွဲဆိုခွင့်မရှိဟု မူလတိုင်းတရားရုံး၏ဆုံးဖြတ်ချက်မှန် မမှန် စိစစ်ရန်ဖြစ်သည်။

အယူခံတရားလို (မူလရုံးတရားလို) ၏ ဆိုလွှာအရ တရားလိုသည် အချင်းဖြစ်တိုက်ခန်းအား ဦးခင်မောင်စိုး၏ဇနီး အယူခံတရားပြိုင် (၁) ဒေါ်ထားထားညွန့် (မူလရုံးတရားပြိုင်-၁) ထံမှ ၂-၅-၉၅ နေ့တွင်ဝယ်ယူခဲ့သော်လည်း ထိုတိုက်ခန်းသည် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၆၄၅/၉၆ တွင် ကွယ်လွန်သူ ဦးခင်မောင်စိုး၏အမွေပုံပစ္စည်းဖြစ်ကြောင်း ဒီကရီချမှတ်သဖြင့် အယူခံတရားပြိုင် (၂)ဒေါ်ရွှေလုံး(ခ) ဒေါ်စန်းမြကဒေါ်ထားထားညွန့်အပေါ် ဒီကရီအတည်ပြုရာတွင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊

နည်းဥပဒေ ၅၄ အရ ပြည်တော်ဝရမ်းထုတ်ဆင့်ကြောင်း၊ တရားလိုက အဆိုပါ ပြည်တော်ဝရမ်းအား ခွာပေးရန် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ ရန်ကုန်တိုင်းတရားရုံး၊ တရားမအထွေထွေမှုအမှတ် ၃၅၃/၂၀၀၅ တွင် လျှောက်ထားရာ တရားလို၏ လျှောက်ထားမှုကို တိုင်းတရားရုံးက နည်းဥပဒေ ၆၁ အရပယ်ခဲ့၍ တရားရုံးချုပ်၊ တရားမပြင်ဆင်မှုအမှတ် ၄၂၅/၂၀၀၆ တွင် ပြင်ဆင်မှုလျှောက်ထားသော်လည်း ၂၉-၁-၀၇ နေ့တွင် ပလပ်ခံရသဖြင့် ထိုနေ့မှစ၍ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ကြောင်း အဆိုပြု၍ ဤအမှုကို စွဲဆိုခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်၍ အယူခံတရားလိုက ဤအမှုကိုစွဲဆိုခြင်းမှာ တရားရုံးမှ ဒီကရီအတည်ပြုရာတွင် အချင်းဖြစ်တိုက်ခန်းအား ပြည်တော်ဝရမ်းစွဲကပ်မှုကြောင့် ဝရမ်းခွာပေးရန် ကန့်ကွက်လျှောက်ထားမှုတွင် ၎င်း၏ လျှောက်ထားချက်ကိုပယ်ကြောင်း ချမှတ်သည့်အမိန့်အရ စွဲဆိုခြင်းဖြစ်ကြောင်း ထင်ရှားသည်။

ကာလစည်းကမ်းသတ်ဥပဒေပထမဇယားအပိုဒ် ၁၁ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

| | | |
|---|---|---|
| ၁၁။ အောက်ပါအမိန့်တစ်ရပ်ရပ် အရ အမိန့်ချမှတ်ခြင်းကို ခံယူသူက အမိန့်စာတွင် ဖော်ပြပါရှိသည့် ပစ္စည်း အပေါ် မိမိပိုင်ထိုက်ကြောင်း အခိုင်အမာ ပြဆိုစေရန် စွဲဆိုသည့်အမှု- | တစ်နှစ် | အမိန့်ချမှတ်သည့်နေ့ရက်ကစ၍ |
| (၁) ဒီကရီအတည်ပြုရာ ဝရမ်းစွဲကပ်သည့် | | |

၂၀၁၀
ဒေါ်စိုးစံသိန်း
နှင့်
ဒေါ်ခင်မြင့် (ခ)
ဒေါ်ထားထားညွန့်
ပါ ၂

ပစ္စည်းကို ပိုင်ဆိုင်
ကြောင်းတောင်းဆို
ချက်နှင့်စပ်လျဉ်း၍
သို့တည်းမဟုတ်
ဒီကရီအတည်ပြုရာ
ပစ္စည်း ဝရမ်းစွဲကပ်
ခြင်းကို ကန့်ကွက်
ချက်နှင့်စပ်လျဉ်း၍
တရားမကျင့်ထုံး
ဥပဒေအရ ချမှတ်
သည့်အမိန့်

(၂) × × × ×

အယူခံတရားလိုက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ စွဲဆိုသည့်အမှုဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေပထမဇယား အပိုဒ် ၁၂၀ နှင့်သက်ဆိုင်ကြောင်းတင်ပြသည်။ ကာလစည်းကမ်းသတ် ဥပဒေပထမဇယားအပိုဒ် ၁၂၀ သည် ပထမဇယား၏ အခြားနေရာများတွင် စည်းကမ်းသတ်ကာလအပိုင်းအခြား ပြဋ္ဌာန်းချက်မပါသည့် တရားမကြီးမှုများအတွက် ပြဋ္ဌာန်းချက်ဖြစ်သည်။

အယူခံတရားလိုစွဲဆိုသောအမှုသည် တရားရုံးတွင် ကန့်ကွက်လျှောက်ထားမှုအရ အမိန့်ချမှတ်ခံရသည့်ပစ္စည်းအပေါ် မိမိပိုင်ထိုက်ကြောင်းအခိုင်အမာပြဆိုစေရန် စွဲဆိုသည့်အမှုဖြစ်၍ ထိုအမှုမျိုးကို စွဲဆိုရန် ကာလစည်းကမ်းသတ်ဥပဒေပထမဇယား အပိုဒ် ၁၁ တွင် ပြဋ္ဌာန်းထားသည့်အတွက် စည်းကမ်းသတ်ကာလ အပိုင်းအခြား

ပြဋ္ဌာန်းချက်မရှိသည့် တရားမကြီးမှုများစွဲဆိုရန် သတ်မှတ်ထားသည့် အပိုဒ် ၁၂၀ နှင့် သက်ဆိုင်ခြင်းမရှိပေ။ အပိုဒ် ၁၁ အရ သတ်မှတ်သည့် စည်းကမ်းသတ်ကာလအတွင်း စွဲဆိုရန်သာဖြစ်သည်။

အယူခံတရားလိုက ရန်ကုန်တိုင်းတရားရုံး၊ တရားမအထွေထွေမှုအမှတ် ၃၅၃/၂၀၀၅ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ လျှောက်ထားချက်ကို နည်းဥပဒေ ၆၁ အရ ၂၅-၉-၀၆ နေ့တွင် ပလပ်ခံရပြီး တရားရုံးချုပ်၊ တရားမပြင်ဆင်မှုအမှတ် ၄၂၅/၂၀၀၆ တွင်ပြင်ဆင်မှုဝင်ရောက်ရာ ၂၉-၁-၀၇ နေ့တွင် ပလပ်ခံရသဖြင့် ဤအမှုကို ၂၄-၉-၀၈ နေ့တွင် စွဲဆိုခြင်းမှာ သတ်မှတ်ထားသည့်စည်းကမ်းသတ်ကာလ ကျော်လွန်နေကြောင်း ထင်ရှားသည်။

အယူခံတရားလိုက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေရန်စွဲဆိုခွင့်ရှိကြောင်း တင်ပြသည်။

အယူခံတရားလိုက ဤအမှုကို စွဲဆိုသည်မှာ ဝရမ်းကပ်ခံရသော ပစ္စည်းကို မိမိပိုင်ဆိုင်ကြောင်းတောင်းဆိုချက်အပေါ် ဆန့်ကျင်အမိန့်ချမှတ်ခံရသဖြင့် ထိုပစ္စည်းအပေါ် မိမိပိုင်ထိုက်ကြောင်း အခိုင်အမာပြဆိုစေရန် စွဲဆိုခြင်းဖြစ်ကြောင်း ဆိုလွှာအရ ပေါ်ပေါက်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၆၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

" ဝရမ်းကပ်သည့်ပစ္စည်းကို ပိုင်ဆိုင်ကြောင်းတောင်းဆိုချက်

၂၀၁၀
ဒေါ်စိုးစံသိန်း
နှင့်
ဒေါ်ခင်မြင့် (ခ)
ဒေါ်ထားထားညွန့်
ပါ ၂

နှင့်စပ်လျဉ်း၍ဖြစ်စေ၊ ပစ္စည်းဝရမ်းကပ်ခြင်းကို ကန့်ကွက်ချက်နှင့်စပ်လျဉ်း၍ဖြစ်စေ ဆန့်ကျင်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခံရသူသည် အငြင်းပွားသောပစ္စည်းအပေါ်တွင် မိမိပိုင်ထိုက်ကြောင်း အခိုင်အမာ ပြဆိုစေရန် တရားတစ်ထုံး စွဲဆိုနိုင်သည်။ ထိုအမှုစွဲဆိုခဲ့လျှင် ယင်းအမှု၏ရလဒ်ကို အထောက်အထားပြု၍ အမိန့်သည်အပြီးသတ်ဖြစ်ရမည်။

အယူခံတရားလိုသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၁ အရ ၎င်း၏အကျိုးနှင့်ဆန့်ကျင်သည့် အမိန့်ချမှတ်ခံရသဖြင့် အမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ တရားတစ်ထုံးစွဲဆိုရန်ဖြစ်သည်။ ထိုသို့ အမှုစွဲဆိုခဲ့လျှင် ယင်းအမှု၏ရလဒ်ကို အထောက်အထား ပြု၍ အမိန့်သည် အပြီးသတ်အတည်ဖြစ်သွားပေမည်။

**မစိန်ဌေး နှင့် မောင်မြ အမှု** [၁] တွင် မစိန်ဌေးက တရားရှုံး မောင်ကျော်ဇံ၏ပစ္စည်းအဖြစ်အိမ်နှင့်မြေကို ဝရမ်းကပ်ရာ မောင်မြက မောင်ကျော်ဇံထံမှ မှတ်ပုံတင်စာချုပ်အရ ဝယ်ယူထားသည်ဟုဆိုကာ ဝရမ်းခွာပေးရန်လျှောက်ထားသည်။ ဇာရီရုံးက မောင်ကျော်ဇံလက်ရှိ ပစ္စည်းဖြစ်၍ လျှောက်လွှာကိုပလပ်လိုက်သည်။ မောင်မြသည် နည်းဥပဒေ ၆၃ အရ အမှုစွဲဆိုခြင်းမပြုပေ။ မစိန်ဌေးကအိမ်နှင့် မြေကိုဝယ်ယူပြီးနောက် လက်ရောက်ရရန် လျှောက်ထားရာတွင် မောင်မြက ခုခံတားဆီးသဖြင့် မစိန်ဌေးက တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ နည်းဥပဒေ ၁၀၃ အရ တရားစွဲဆိုရာ တရားလွှတ်တော်က မောင်မြသည် ပစ္စည်းပိုင်ရှင်ဖြစ်ကြောင်း ပြောဆိုခွင့်မရှိကြောင်း ဆုံးဖြတ်သည်။ နည်းဥပဒေ ၅၈ အရ လျှောက်ထားမှုတွင် ချမှတ်သော

(၁) အေ အိုင် အာ၊ ၁၉၃၅ ခုနှစ်၊ ရန်ကုန်၊ စာ- ၁၆၁

၂၀၁၀
ဒေါ်စိုးစံသိန်း
နှင့်
ဒေါ်ခင်မြင့် (ခ)
ဒေါ်ထားထားညွှန့်
ပါ ၂

အမိန့်သည် နည်းဥပဒေ ၆၃ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အပြီးသတ်အတည်ဖြစ်သွားပြီဖြစ်သည်။

နည်းဥပဒေ ၅၈ အရ လျှောက်ထားမှုတွင် ချမှတ်သော အမိန့်ကြောင့် နစ်နာသူသည် နည်းဥပဒေ ၆၃ အရ တရားစွဲဆိုရန် လမ်းဖွင့်ထားသည်။ နည်းဥပဒေ ၆၃ အရ အမှုမစွဲဆိုလျှင်ဖြစ်စေ၊ စွဲဆိုရာ၌အရေးနိမ့်လျှင်ဖြစ်စေ နည်းဥပဒေ ၅၈ အရ လျှောက်ထားမှုတွင် ချမှတ်သောအမိန့်သည် အပြီးသတ်အတည်ဖြစ်သည်။ အဆိုပါ အမိန့်သည် အမိန့်တွင် ပါဝင်သူများအပေါ်တွင်သာမက ၎င်းတို့၏ အခွင့်အရေးကို ဆက်ခံသူများအပေါ်တွင်လည်း အတည်ဖြစ်ကြောင်း **၁၉၂၄ အေအိုင်အာ ၉၇** တွင် ညွှန်ပြထားသည်။

အမှုစွဲဆိုသည့်အချိန်တွင် အယူခံတရားလိုသည် တရားဝင် အခြေအနေ သို့မဟုတ် ပစ္စည်းနှင့်စပ်လျဉ်းသည့်အခွင့်အရေးရှိပါက သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုခွင့်ရှိမည် ဖြစ်သည်။ သို့သော်လည်း အယူခံတရားလိုသည် ပစ္စည်းကို ဝရမ်း ကပ်ခံရ၍ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်းဥပဒေ ၅၈ အရ ဝရမ်းခွာ ပေးရန်လျှောက်ထားချက်အပေါ် ဆန့်ကျင်အမိန့်ချမှတ်ခံရသူဖြစ်၍ နည်းဥပဒေ ၆၃ အရ တရားတစ်ထုံးမစွဲဆိုပါက ထိုပစ္စည်းနှင့် ပတ်သက်၍ ၎င်းအပေါ် နည်းဥပဒေ ၅၈ အရ ချမှတ်သည့်အမိန့် သည် အပြီးသတ်အတည်ဖြစ်မည်ဖြစ်သောကြောင့် ထိုအမိန့် အတည် ဖြစ်နေစဉ် အယူခံတရားလိုအနေဖြင့် ပစ္စည်းနှင့်စပ်လျဉ်းသည့် အခွင့် အရေးရှိသည်ဟု အဆိုပြုကာ သီးခြား သက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုခွင့်ရှိမည်မဟုတ်ပေ။

သို့ဖြစ်၍ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ စွဲဆိုခွင့်ရှိသည်ဟူသော အယူခံတရားလို၏ တင်ပြချက်ကို လက်မခံနိုင်ပေ။

အထက်တွင် ဖော်ပြခဲ့သောအချက်များအရ ဤအယူခံကို ခွင့်ပြုရန်အကြောင်းမရှိသဖြင့် တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပြီး ဤအယူခံကို စရိတ်နှင့်တကွပလပ်လိုက်သည်။

ရှေ့နေခ ၃၀၀/-ကျပ် သတ်မှတ်သည်။